Message Nine

# ကိန်းဝပ်နေတော်မူသောခရစ်တော်ကို ယုံကြည်သူများ၏ အတွင်းပိုင်းတွေ့ကြုံခံစားခြင်းအရ ဝိညာဉ်ရေးဆိုင်ရာအသက်ဖြစ်တည်ခြင်းဖြစ်စဉ်မှတစ်ဆင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်၏အသက်ဆိုင်ရာတည်ဆောက်ခြင်း

ဖတ်ရန်ကျမ်း။ ။ ၂ရှမွေ၊၇း၁၂–၁၄က။ ဧ၊၃း၁၆–၂၁

**I. ၂ရှမွေ၊၇း၁၂–၁၄က မှာ ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးအထဲသို့ ခရစ်တော်ဖြင့် ပြန်လည်စေ့စပ်ထုံးဖွဲ့ခံခြင်းငှာ ကျွန်ုပ်တို့၏ပင်ကိုယ်မူလစေ့စပ်ထုံးဖွဲ့ခြင်းအထဲသို့ ခရစ်တော်၏တည်ဆောက်ပေးခြင်းခံရန် ဘုရားသခင်ကို လိုအပ်ကြောင်း ပြသပေးထားသော ပရောဖက်ပြုချက် ပုံပန်းသွင်ပြင်အဖြစ် ဖွင့်ပြထားသည် – မ၊၁၆း၁၈။**

က။ ကိုယ်တော်၏စိတ်နှလုံးတော်အတိုင်းဖြစ်သော ဘုရားသခင်၏ထာဝရစီမံကိန်းမှာ မိမိကိုယ်တော်တိုင်ကို လူအထဲသို့ တည်ဆောက်ပေး၍၊ လူကို ကိုယ်တော့်အထဲသို့ တည်ဆောက်ပေးရန် ဖြစ်သည်(ဧ၊၃း၁၆–၁၇က)။ ဤအပြန်အလှန်ကိန်းဝပ်ခြင်းမှာ ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းဖြစ်သည် – ယော၊၁၅း၄–၅က။ ၁ယော၊၂း၂၇–၂၈။ ၃း၂၄။ ၄း၁၃၊ ၁၅–၁၆။ ဗျာ၊၂၁း၃၊ ၂၂။

ခ။ ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်၏ရည်ရွယ်ချက်မှာ မိမိကိုယ်တော်တိုင်ကို ခရစ်တော်၌ ကျွန်ုပ်တို့အထဲသို့ တည်ဆောက်ပေးရန် ဖြစ်သည် – ၂ရှမွေ၊၇း၁၂–၁၄က။ ဧ၊၃း၁၇က။ ယော၊၁၄း၂၀။ ဂလ၊၄း၁၉။

၁။ ဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို ခရစ်တော်၌ ကျွန်ုပ်တို့အထဲသို့ အလုပ်လုပ်ဆောင်လိုသည်။ ခရစ်တော်၏ဖြစ်ခြင်းအလုံးစုံနှင့် ခရစ်တော်ပြီးမြောက်ပြည့်စုံခဲ့သောအရာအလုံးစုံမှာ ဤအရာတစ်ခုတည်းအတွက်သာ ဖြစ်သည် – ဖိ၊၂း၁၃။ ဧ၊၃း၁၇က။ ကော၊၃း၁၀–၁၁။

၂။ ဘုရားသခင်ကိုယ်တော်တိုင်သည် ခရစ်တော်၌ ကျွန်ုပ်တို့၏ လူသားဖြစ်ခြင်းအထဲသို့ တည်ဆောက်ပေးခြင်း၊ မိမိကိုယ်တော်တိုင်ကို ခရစ်တော်၌ ကျွန်ုပ်တို့အထဲသို့ ကျွန်ုပ်တို့၏ အသက်၊ ကျွန်ုပ်တို့၏ သဘောသဘာဝ၊ ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်အဖြစ် လုပ်ဆောင်ပေးခြင်းကို ကျွန်ုပ်တို့လိုအပ်သည် – ဧ၊၃း၁၇က။

**II. ဧ၊၃း၁၆–၂၁ တွင် သုံးပါးတစ်ပါးဘုရားသည် မိမိကိုယ်တော်တိုင်ဖြင့် ဒြပ်သဘာဝအဖြစ်လည်းကောင်း၊ ကျွန်ုပ်ထံမှလည်း တစ်စုံတစ်ခုသောအရာကို တန်ဆာပလာအဖြစ်လည်းကောင်း ယူဆောင်ကာ တည်ဆောက်ခြင်းအမှုပြုဖို့ ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာခဲ့ကြောင်းကို ဖွင့်ပြထားသည်။ ဤအရာကို မ၊၁၃ ရှိ မျိုးစေ့ကြဲခြင်းပုံဥပမာဖြင့် သရုပ်ဖော်ပြပေးထားသည်။**

က။ သခင်ဘုရားသည် မိမိကိုယ်တော်တိုင်ကို အသက်မျိုးစေ့အဖြစ် လူများ၏စိတ်နှလုံးများဖြစ်သော မြေကြီးအထဲသို့ မျိုးကြဲခဲ့သည်။ ထိုသို့ဖြင့် ကိုယ်တော်သည် သူတို့၌ ကြီးထွားကာ အသက်ရှင်မည်ဖြစ်ကာ သူတို့အတွင်းမှ ထင်ရှားနိုင်မည်ဖြစ်သည် – အငယ်၊၃။

ခ။ မျိုးစေ့သည် မြေကြီးအထဲသို့ ကြဲချခြင်းခံရ၍ မြေဆီဖြင့် ကြီးထွားလာမည်ဖြစ်သည်။ ရလဒ်အဖြစ် ထုတ်လုပ်ထွက်ပေါ်လာသောအရာမှာ မျိုးစေ့နှင့် မြေကြီး၏ ပေါင်းစပ်ထားခြင်းဒြပ်သဘာဝဖြစ်လေသည် – အငယ်၊၂၃။

ဂ။ ကိုယ်တော်သည် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာကာ ကျွန်ုပ်တို့၌ ကြီးထွားလာရန်အတွက် ပြင်ဆင်ခြင်းခံရသောကျွန်ုပ်တို့သည် သက်ဆိုင်ရာမြေဆီအာဟာရဓာတ်ပါရှိလျက် ဘုရားသခင်အားဖြင့် ဖန်ဆင်းထားခြင်းခံရကြသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အတွင်း၌ ဘုရားဆိုင်ရာမျိုးစေ့ကြီးထွားလာရန်အတွက် မြေဆီတည်းဟူသော အာဟာရဓာတ်ပါရှိသော လူသားစိတ်နှလုံးနှင့်အတူ လူသားဝိညာဉ်ကို ဖန်ဆင်းထားခဲ့သည် – ၁ယော၊၃း၉။ ၁ပေ၊၁း၂၃။ ကော၊၂း၁၉။

၁။ ကျွန်ုပ်တို့၌ အသက်၏ကြီးထွားမှုနှုန်းမှာ ဘုရားဆိုင်ရာမျိုးစေ့အပေါ် မမူတည်ဘဲ၊ ဤမျိုးစေ့အတွက် မြေဆီဓာတ်မည်မျှ ကျွန်ုပ်တို့တတ်နိုင်သလဲ ဟူသောအချက်အပေါ် မူတည်နေသည်။ မြေဆီပို၍ ထည့်ပေးလေလေ၊ မျိုးစေ့သည် ပို၍ မြန်ဆန်စွာကြီးထွားလာလေလေဖြစ်ကာ၊ ပို၍ရှင်သန်ကြီးထွားလာလေလေဖြစ်သည် – ဆာ၊၇၈း၈။ မ၊၅း၃၊ ၈။

က။ အကယ်၍ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စိတ်၌၊ ဇာတိလူ၌သာ တည်နေမည်ဆိုပါက ဘုရားဆိုင်ရာမျိုးစေ့ကြီးထွားလာရန် မည်သည့်မြေဆီဓာတ်မျှ ရှိမည်မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့သည် အတွင်းလူအထဲသို့ ခိုင်ခံ့မြဲမြံခြင်းရှိမည်၊ ကျွန်ုပ်တို့၏ ဝိညာဉ်ကို အလေးထားမည်၊ ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်မည်ဆိုပါက မြေဆီဓာတ်ဖြည့်ပေးခြင်းရှိသောကြောင့် ခရစ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ အိမ်တော်ပြုလုပ်နိုင်မည်ဖြစ်သည် – ဧ၊၃း၁၆–၁၇။ ရော၊၈း၆။ ၁တိ၊၄း၇။

ခ။ အကယ်၍ သခင်ဘုရားကို အသက်မျိုးစေ့အဖြစ် ကျွန်ုပ်တို့အထဲ၌ ကြီးထွားစေခြင်းဖြင့် ပြည့်ဝစွာသော ဝမ်းမြောက်ခြင်းကို ရရှိလိုပါက၊ ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့ အကြွင်းမဲ့တံခါးဖွင့်ပေးရမည်၊ ကျွန်ုပ်တို့၏ စိတ်နှလုံး အကုန်အစင်ဆက် ဆံဖြေရှင်းခြင်းခံရန် ကိုယ်တော်နှင့်ပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်သည် – မ၊၁၃း၃–၉၊ ၁၉–၂၃။

၂။ တစ်ဘက်တွင် ဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို ဒြပ်သဘာဝအဖြစ် ကျွန်ုပ်တို့အတွင်းမှ ခွန်အားပေးနေ၍၊ အခြားတစ်ဘက်တွင် ကျွန်ုပ်တို့သည် မြေဆီဓာတ်မစပေးရမည်ဖြစ်သည်။ ဤသို့နှစ်ဆသောလုပ်ဆောင်ခြင်းဖြင့် ဘုရားသခင်သည် ခရစ်တော်၌ သူ၏ပင်ကိုယ်မူလဆိုင်ရာတည်ဆောက်ခြင်းကို – အိမ်တော်တည်ဆောက်ခြင်း – ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံး၌ သယ်ဆောင်နေသည်။

ဃ။ သမ္မာကျမ်းစာအရ ကြီးထွားခြင်းမှာ တည်ဆောက်ခြင်းနှင့်ညီမျှသည်။ သခင်ယေရှုက "ငါ့အသင်းတော်ကို ငါတည် ဆောက်မည်"ဟု ကြွေးကြော်ခဲ့သည်(မ၊၁၆း၁၈)။ ဤတည်ဆောက်ခြင်းမှာ ကျွန်ုပ်တို့အတွင်း၌ ဘုရားဆိုင်ရာအသက် ကြီးထွားခြင်းအားဖြင့် ဖြစ်တည်နေသည်(၁ယော၊၃း၉။ ဧ၊၄း၁၅–၁၆။ ကော၊၂း၁၉။ ဧ၊၂း၂၁–၂၂။ ၁ကော၊၃း၁၊ ၆–၉၊ ၁၂။ ၁၆း၁၃။

င။ ဘုရားသခင်၏ စီမံကိန်းမှာ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ အလုပ်လုပ်ဆောင်ရန် ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာအစာချေခြင်းနှင့် ကြေညက်ခြင်း၏ အသက်ဆိုင်ရာဖြစ်တည်ခြင်းကို တွေ့ကြုံခံစားရမည်ဖြစ်သည်။ ဤအရာက ကျွန်ုပ်တို့၏ ဇာတိဆိုင်ရာအသက်တာ၌ တဖြည်းဖြည်းချင်းနှင့် ပင်ကိုယ်မူလဆိုင်ရာပြောင်းလဲစေခြင်းဖြင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်းကို ထုတ်လုပ်ထွက်ပေါ် လာစေသည်။ ဤသည်မှာ ယေရုရှလင်မြို့သစ်အဖြစ် ပြီးမြောက်ပြည့်စုံမည့် ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် ဖြစ်သည် – ၂ကော၊၃း၁၈။

၁။ ဘုရားသခင်၏ တည်ဆောက်ခြင်း အစဉ်တကျ ဖြစ်တည်လာရန်အတွက် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးဆိုင်ရာ စားစရာအစာ၊ သောက်စရာနှင့် ရှူသွင်းရှူထုတ်ရာတည်းဟူသော နယူမက်တစ်ခရစ်တော်၊ အသက်–ပေးသောဝိညာဉ်တော်ကို လက်ခံရှိရခြင်း၊ အစာချေခြင်းနှင့် ကြေညက်ခြင်းရှိရမည်ဖြစ်သည် – ယော၊၆း၅၁၊ ၅၇။ ၇း၃၇–၃၉။ ၂၀း၂၂။

၂။ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို စားသုံးခြင်း၊ သောက်သုံးခြင်းနှင့် ရှူသွင်းရှူထုတ်ခြင်းအားဖြင့် ခရစ်တော်ကို ဝမ်းမြောက်ကြသောအခါ၊ ကျွန်ုပ်တို့အတွင်း၌ အသက်ဆိုင်ရာဖြစ်တည်မှုဖြစ်စဉ်၊ ဝိညာဉ်ရေးဆိုင်ရာ အစာချေခြင်းနှင့် အသက်ဆိုင်ရာဖြစ်တည်ခြင်းသည် ဖြစ်ပေါ် လျက်ရှိ၍၊ ခရစ်တော်သည် ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ စေ့စပ်ထုံးဖွဲ့ပေးနေသည်။ ဤအတွင်းပိုင်း အသက်ဆိုင်ရာဖြစ်တည်ခြင်းသည် ပုံသဏ္ဌာန်ပြောင်းလဲခြင်းဖြစ်၍၊ ပုံသဏ္ဌာန်ပြောင်းလဲခြင်းသည် တည်ဆောက်ခြင်းဖြစ်သည် – ရော၊၁၂း၂။ ဖိ၊၁း၂၀–၂၁။ cf. ဗျာ၊၂၁း၁၈။ ၄း၃။

စ။ ဝိညာဉ်ဆိုင်ရာအသက်ဖြစ်တည်မှုဖြစ်စဉ်အားဖြင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သော အသင်းတော်၏ အသက်ဆိုင်ရာတည်ဆောက်ခြင်းမှာ အမှန်တကယ်တွင် ယေဟောဝါက ၂ရှမွေ၊၇း၁၂–၁၄က တွင် ဒါဝိဒ်ထံသို့ ပုံပန်းသွင်ပြင်ဖြင့် ပရောဖက်ပြုခဲ့ခြင်းဖြစ်သည်။

**III. ဧ၊၃း၁၆–၂၁တွင် ပေါလုက ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်၏အသက်ဆိုင်ရာတည်ဆောက်ခြင်းအတွက် ကိန်းဝပ်နေတော်မူသော ခရစ်တော်ကို တွေ့ကြုံခံစားခြင်းနှင့်စပ်လျဉ်း၍ ယုံကြည်သူများအတွက် ဆုတောင်းပေးခဲ့သည် – ၄း၁၂၊ ၁၆။ ၂း၂၁–၂၂။**

က။ ပေါလုက ခမည်းတော်ထံ ဆုတောင်းခဲ့သည်မှာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ဝိညာဉ်တော်မှတစ်ဆင့် အတွင်းလူအထဲသို့ ခွန်အားခိုင်ခံ့မြဲမြံခြင်းရှိရန် ဖြစ်သည်။ ရလဒ်အဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးများအထဲသို့ အိမ်တော်ဆောက်လုပ်ကာ နေရာယူ၊ ပိုင်ဆိုင်၊ စိမ့်ဝင်နိုင်ကာ မိမိကိုယ်တော်တိုင်ဖြင့် ကျွန်ုပ်တို့၏ အတွင်းဖြစ်ခြင်းတစ်ခုလုံးသို့ ပျော်ဝင်ပြည့်ဝနိုင်မည်ဖြစ်သည် – ၃း၁၆–၁၇က။

ခ။ သုံးပါးတစ်ပါးဘုရားသည် "စက်ကြီး"နှင့်တူ၍၊ ပေါလုသည် စက်ကို လည်ပတ်စေသူဖြစ်သည်။ စကြဝဠာတစ်ခုလုံး၌ မြင့်မားသောအလေ့အလာတစ်ခုရှိကြောင်း သင်ခန်းစာကို ကျွန်ုပ်တို့သင်ယူရမည်ဖြစ်သည်။ အလေ့အလာမှာ ဘုရားသခင်သည် တစ်စုံတစ်ခုကို လုပ်ဆောင်လိုသည်၊ သို့သော် ကိုယ်တော်သည် "စက်ကြီး"သာ ဖြစ်လိမ့်မည်ဖြစ်၍ ကိုယ်တော်သည် စက်ကို လည်ပတ်စေသောသူ တစ်ဦးတစ်ယောက်ကို လိုအပ်နေသည်။

၁။ ဧ၊၃း၁၆–၂၁ ၌ရှိသော ဆုတောင်းချက်ကို ပေါလုဆုတောင်းသောအခါ သူသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်တစ်ခုလုံးကို ကိုယ်စားပြုသူဖြစ်သည်။

၂။ ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်တို့သည် ဤစကြဝဠာဆိုင်ရာ"စက်ကြီး"၏ "အစိတ်အပိုင်း"သုံးခုဖြစ်၍၊ ကိုယ်ခန္ဓာတော်သည် စက်ကြီးကို လည်ပတ်စေသူဖြစ်သည်။ စက်ကြီးကို လည်ပတ်စေသူဖြစ်သော ကျွန်ုပ်တို့သည် ဤဆုတောင်းချက်အတိုင်းဆုတောင်းကြသောအခါ၊ ခမည်းတော်သည် လမ်းကြောင်းဖြစ်သော သူ၏ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့၏ အတွင်းဖြစ်ခြင်း အစိတ်အပိုင်း အားလုံးအထဲသို့ ခွန်အားခိုင်ခံ့မြဲမြံစေကာ အတွင်းလူအထဲသို့ အလုပ်လုပ်

ဆောင်တော်မူသည်။ ဤသို့ဖြင့် ပန်းတိုင်၊ ရည်ရွယ်ချက်ဖြစ်သော သားတော်သည် ကျွန်ုပ်တို့စိတ်နှလုံး၏ အစိတ်အပိုင်း အားလုံးအတွင်း၌ အိမ်တော်ဖြစ်စေနိုင်မည်ဖြစ်သည်။

ဂ။ ကျွန်ုပ်တို့သည် အတွင်းလူအထဲသို့ ခွန်အားတန်ခိုးတော်နှင့်ခိုင်ခံ့မြဲမြံခြင်းရှိရမည်ဟု ပြောဆိုခြင်းမှာ ကျွန်ုပ်တို့သည် အတွင်းလူ၌ မရှိဘဲ၊ များသောအားဖြင့် အပြင်လူ၌သာ ရှိနေကြခြင်းကို ညွှန်ပြသည်–အငယ်၊၁၆။ ၁း၁၉–၂၂။ ၃း၂၀။

ဃ။ ခရစ်တော်သည် ကျွန်ုပ်တို့စိတ်နှလုံး၏ အခန်းတိုင်း၌ နေရာယူရန် အလိုရှိသည်။

၁။ "အိမ်တော်ပြုလုပ်"ဟူသော စကားလုံးမှာ ဂရိ၌ တစ်လုံးတည်း *katoikeo* ဖြစ်၍ အခြေခံအဓိပ္ပါယ်မှာ ကိန်းဝပ်ရာနေရာ နေရာချခြင်း၊ ကိန်းဝပ်နေရာဖြစ်စေခြင်းဖြစ်ပြီး၊ ဤစကားလုံး၏ ရှေ့ဆက်ဖြစ်သော *kata* မှာ "အောက်သို့ ချသည်" ဟုဆိုလိုသည် – အငယ်၊၁၇က။

၂။ ခရစ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးများ၏ နက်နဲရာ၌ အိမ်တော်ပြုလုပ်ခြင်းမှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဥယျာဉ် တော်အတွက် မေတ္တာ၌ အမြစ်စွဲကာ၊ ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် မေတ္တာ၌ အခြေပြုခြင်းခံရကြပြီဖြစ်သည် – အငယ်၊၁၇။

၃။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌ အိမ်တော်ပြုလုပ်သောကြောင့် ကျွန်ုပ်တို့သည် သန့်ရှင်းသူများနှင့်အတူ တိုင်းတာလို့မရနိုင်သောခရစ်တော်၊ စကြဝဠာနှင့်အမျှရှိသော ခရစ်တော်၏ အတိုင်းအတာများကို သိရှိနားလည်လာကြရ သည်–အငယ်၊၁၈။

က။ အသင်းတော်၌ ခရစ်တော်ကို ကျွန်ုပ်တို့၏ တွေ့ကြုံခံစားခြင်းမှာ ကုဗတုံးပုံကဲ့သို့ အတိုင်းအတာသုံးခုရှိရမည်ဖြစ်၍ (အနံ၊ အလျား၊ အမြင့်၊ အနက်)၊ မျဉ်းကြောင်းကဲ့သို့ တစ်ကြောင်းတည်းမဖြစ်ရပေ။

ခ။ တဲတော်နှင့် ဗိမာန်တော် နှစ်ခုလုံး၌ အသန့်ရှင်းဆုံးဌာနသည် ကုဗတုံးပုံကဲ့သို့ ဖြစ်သည် – ထွ၊၂၆း၂–၈။ ၁ဘုရင်၊ ၆း၂၀။

ဂ။ နောက်ဆုံးတွင် ယေရုရှလင်မြို့သစ်၊ ဘုရားသခင်၏ တည်ဆောက်ခြင်းမှာ ထာဝရဆိုင်ရာ ကုဗတုံးပုံ၊ အသန့်ရှင်း ဆုံးဌာန၊ အတိုင်းအတာသုံးဘက်လုံး၌ စတေဒီယာတစ်သောင်းနှစ်ထောင်ရှိကြသည် – ဗျာ၊၂၁း၁၆။

၄။ ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌ ခရစ်တော်သည် သူ၏ အိမ်တော်ပြုလုပ်ခြင်းမှာ ကျွန်ုပ်တို့အား ကိုယ်ဉာဏ်နှင့်မသိနိုင်သော ခရစ်တော်၏ မေတ္တာတော်ကို သိစေ၍၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ စုပေါင်းထင်ရှားခြင်းနှင့် ဘုန်းထင်ရှားခြင်းအတွက် သုံးပါးတစ်ပါးဘုရား၏ ပြည့်ဝပြည့်စုံခြင်းသို့ ရောက်သည့်တိုင် ဖြည့်ခြင်းခံရကြမည်ဖြစ်သည် – ဧ၊၃း၁၉–၂၁။ ညွှန်း၊ က၊၂၄း၄၇၊ ၅၃၊ ၆၁–၆၇။

င။ ခရစ်တော်သည် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ တည်ဆောက်ပေးခြင်းဖြင့် အသင်းတော်ကို တည်ဆောက်နေသည်။ ယင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဝိညာဉ်အထဲသို့ ဝင်ရောက်လာပြီး၊ ကျွန်ုပ်တို့၏ ဝိညာဉ်မှ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့ ၏ အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒတို့အထဲသို့ ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံးသို့ နေရာယူသွားရန် ပျံ့နှံ့စေနေခြင်းဖြစ်သည် – ၂တိ၊၄း၂၂။ ၁ကော၊၆း၁၇။ ဧ၊၃း၁၇က။

၁။ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ကျွန်ုပ်တို့အတွင်းအစိတ်အပိုင်းများ၏ စုစုပေါင်း၊ ကျွန်ုပ်တို့အတွင်းဖြစ်ခြင်း၏ အလယ်ဗဟို၊ ကျွန်ုပ်တို့၏ ဝါသနာ၊ ချစ်ခင်ခြင်း၊ နှစ်သက်ခြင်းနှင့် လိုအင်ဆန္ဒ စသည်တို့ကို ကိုယ်စားပြုသောကြောင့် ခရစ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌ အိမ်တော်ပြုလုပ်သောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အတွင်းဖြစ်ခြင်းတစ်ခုလုံးကို ထိန်းချုပ်ကာ အတွင်းအစိတ်အပိုင်းတိုင်းကို မိမိကိုယ်တော်တိုင်ဖြင့် မစခွန်အားပေးတော်မူသည်။

၂။ ကျွန်ုပ်တို့အတွင်း၌ ခရစ်တော်ပို၍ပျံ့နှံ့လေလေ၊ ကိုယ်တော်သည် ကျွန်ုပ်တို့အတွင်း၌ ပို၍နေရာချနိုင်လေလေဖြစ်ကာ အိမ်တော်ပို၍ပြုလုပ်နိုင်လေလေဖြစ်ပြီး၊ ကျွန်ုပ်တို့အတွင်းလူ၏ အစိတ်အပိုင်းတိုင်းသို့ နေရာယူပြည့်ဝကာ ထိုအပိုင်းများ အားလုံးကို ပိုင်ဆိုင်လျက် မိမိကိုယ်တော်တိုင်ဖြင့် ပျော်ဝင်ပြည့်ဝစေသည်။

၃။ မ၊၁၆း၁၈ တွင် အသင်းတော်တည်ဆောက်ခြင်းစပ်လျဉ်း၍ ခရစ်တော်ပြောဆိုထားသောစကားတော် ပြည့်စုံလာရန် အတွက် အသင်းတော်သည် များစွာသောသန့်ရှင်းသူများက သူတို့၏ စိတ်နှလုံး၌ ခရစ်တော်ကို အိမ်တော်ဆောက်ရန် အခွင့်ပေးခြင်း၊ ကိုယ်တော်အား ပိုင်ဆိုင်စေခြင်း၊ နေရာယူစေခြင်း၊ သူတို့၏ အတွင်းဖြစ်ခြင်းတစ်ခုလုံးသို့ ပျော်ဝင် ပြည့်ဝသွားစေခြင်းရှိသော အဆင့်အခြေအနေသို့ ဝင်ရောက်သွားရမည်ဖြစ်သည်။

၄။ ခရစ်တော်သည် ကျွန်ုပ်တို့၏ အတွင်းဖြစ်ခြင်း၌ ပို၍နေရာယူသွားလေလေ၊ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၌ အခြားသူ များနှင့် ပို၍တည်ဆောက်ခြင်းရှိနိုင်လေလေဖြစ်သည် – ဧ၊၂း၂၁–၂၂။ ၄း၁၂။ ၁၆။

၅။ ဧ၊၃း၁၇ တွင် မေတ္တာ၌ အမြစ်စွဲခြင်းနှင့် အခြေတည်ခြင်းအကြောင်းကို ပြောဆိုထားရာတွင် ကျွန်ုပ်တို့၏ ဖြစ်ခြင်းအမြစ်စွဲ မှုရှိခြင်းမှာ ကျွန်ုပ်တို့သည် အမြစ်စွဲရန် လိုအပ်သောအပင်များဖြစ်ကြောင်းကို ရည်ညွှန်း၍၊ ကျွန်ုပ်တို့၏ ဖြစ်ခြင်းအခြေ

ဖြစ်ခြင်းမှာ ကျွန်ုပ်တို့သည် တည်ဆောက်ခံရမည်ကို ဆိုလိုသည်။

၆။ အငယ်၊၁၈ အရ ကျွန်ုပ်တို့သည် နောက်ဆုံးတွင် ခရစ်တော်၏ စကြဝဠာဆိုင်ရာအတိုင်းအတာကို သိရှိလာရန် ခွန်အား အပြည့်ရှိကြခြင်းမှာ –အနံ၊ အလျား၊ အမြင့်နှင့် အနက်– မိမိတို့တစ်ဦးချင်းဆိုင်ရာအားဖြင့် မဟုတ်ဘဲ၊ "သန့်ရှင်းသူများ အားလုံးနှင့်အတူတကွ"စုပေါင်းခြင်းနှင့် ဆက်နွယ်ခြင်းအားဖြင့် ဖြစ်သည်။ ဤသည်ကား၊ ကျွန်ုပ်တို့သည် အတူတကွ တည်ဆောက်ခံရန် လိုအပ်ကြောင်းကို ဖွင့်ပြသည်။

၇။ ခရစ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌ အိမ်တော်ဆောက်လုပ်သောအခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏ပြည့်ဝပြည့်စုံခြင်းရှိသည်အတိုင်း ဖြည့်ခြင်းခံရကြမည်ဖြစ်သည်။ ဤပြည့်ဝပြည့်စုံခြင်းကား၊ သုံးပါးတစ်ပါးဘုရား၏ စုပေါင်းထင်ရှားခြင်းဖြစ်သော အသင်းတော်၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သည် – အငယ်၊၁၉။

၈။ ဘုရားသခင်၏ ဘုန်းတော်သည် အသင်းတော်အထဲသို့ ဆောင်သွင်းခြင်းခံရ၍၊ ကျွန်ုပ်တို့၏ တောင်းလျှောက်ခြင်း သို့မဟုတ် စဉ်းစားခြင်းအလုံးစုံတို့၏ အထက်တွင် အသင်းတော်အားဖြင့် ထင်ရှားတော်မူသည်။ ဤသို့ဘုရားသခင်သည် အသင်းတော်၌ ဘုန်းထင်ရှားတော်မူသည် – အငယ်၊ ၂၀–၂၁။

စ။ ဧ၊၃း၁၆–၂၁ သည် ပေါလု၏ ဝိညာဉ်၊ စိတ်နေသဘောထား၊ ဆုတောင်းခြင်းနှင့် ယုံကြည်ခြင်းကို ပြဖော်ပေးထားသည်။

၁။ ဖွင့်ပြခြင်းအားဖြင့် ခရစ်တော်၏ နက်နဲခြင်းကို ပေါလုအား သိစေခဲ့သည်(အငယ်၊၃–၆)။ ထို့ကြောင့် သူ့ဝိညာဉ်နှင့် စိတ်နေသဘောထားမှာ – သူမြင်ခဲ့သောအရာ၊ သူပြောသောအရာ၊ သူ၏ စိတ်နှလုံး၌ သူဂရုစိုက်သောအရာ –ကိန်းဝပ်နေတော်မူသော ခရစ်တော်ကို အတွင်းပိုင်းတွေ့ကြုံခံစားခြင်း အားဖြင့် ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော် တည်ဆောက်ခြင်းရူပါရုံသို့ ဆက်နွယ်နေသည်။

၂။ ပေါလုသည် ဤရူပါရုံကို မြင်ခဲ့ရ၍၊ ထိုအရာမှာ သူ၏ ဝိညာဉ်နှင့် စိတ်နေသဘောထားဖြစ်လာခဲ့သည်။ ထို့ကြောင့် သူ၌ ဧ၊၃း၁၆–၂၁ တွင် မှတ်တမ်းတင်ထားသည့် ထိုသို့သောဆုတောင်းချက် (ယုံကြည်ခြင်းနယ်ပယ်နှင့် ဒြပ်သဘောဝ၌) ဖြစ်လာခဲ့သည်။ ခရစ်တော်သည် သူ၏ ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်ကို ကိန်းဝပ်နေတော်မူသောခရစ်တော်ကို အတွင်းပိုင်းတွေ့ကြုံခံစားခြင်းအားဖြင့် တည်ဆောက်နေကြောင်း ရူပါရုံကို မြင်ရကြသောအခါ၊ ကျွန်ုပ်တို့သည် အသင်းတော်၌ ဘုရားသခင်ကို အစေခံရာတွင် ကျွန်ုပ်တို့၌ ပေါလု၏ ဝိညာဉ်၊ စိတ်နေသဘောထား၊ ဆုတောင်းခြင်းနှင့် ယုံကြည်ခြင်း ရှိကြမည်အမှန်ပင် ဖြစ်သည်။

*© 2021 Living Stream Ministry*